ကြော်ငြာကပ်ရန်

၁။တံတားဦးခရိုင်တရားရုံးကြော်ငြာသင်ပုန်း

၂။တံတားဦးမြို့နယ်တရားရုံးကြော်ငြာသင်ပုန်း

၃။ကန်ကြီးကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံးကြော်ငြာသင်ပုန်း

၄။အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ ရောင်းချရန်ကြော်ငြာစာ

၅။အမှုတွဲလက်ခံ ( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၆၆ )

**တံတားဦးခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၅**

| | | |
|---|---|---|
| ရိုးမဘဏ်လီမိတက်(ကိုယ်စား) | | ၁။ဒေါ်တင်မြိုင် |
| ဒေါ်စိုးမိုးသန်းမန်နေဂျာ(ရိုးမဘဏ်) | နှင့် | ၂။ဦးစိုးခိုင် |
| မြင်းခြံမြို့ | | |
| ဒီကရီအနိုင်ရသူ | | တရားရှုံးများ |

**တံတားဦးခရိုင်တရားရုံးတော်၊** တရားမကြီးမှုအမှတ်- ၇၄/၂၀၁၉ အမှုတွင် ရရှိခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို **၂၀၂၄ ခုနှစ်၊ မတ်** လ၊ **၄ ရက်၊** နံနက် (၁၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင် သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူ နိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

**မန္တလေးတိုင်းဒေသကြီး၊တံတားဦးမြို့နယ်၊ကန်ကြီးကျေးရွာအုပ်စု၊မြင်းခြံ-မြို့သာ-တံတားဦး - မန္တလေးလမ်း၊ အကွက်အမှတ်(၁၂၄၅/ကန်ကြီးကွင်း)၊ဦးပိုင်အမှတ်-၃၄၂၊ ဧရိယာ(၀.၄၉၀)ဧက ရှိ (၁၀)နှစ်စက်မှုဂရန်မြေ နှင့် ယင်းမြေပေါ်ရှိ (၁)ထပ် Steel Stucture အဆောက်အဦ နှင့် (၁)ထပ် RC အဆောက်အဦ(၁)လုံး။**

**လေလံကြမ်းခင်းဈေး - ကျပ်သိန်း ( ၂၇၀၀ ) (ကျပ်သိန်းနှစ်ထောင်ခုနစ်ရာ)**

## လေလံတင်ရောင်းချမည့် စည်းကမ်းများ

**၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစုံတရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာရောင်းချလိမ့်မည့် အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အားအထူးသတိပြုရန် နိုးဆော်လိုက် သည်။**

**၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကိုရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည် ဖြစ်သည်။**

**၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင်လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။**

**၄။ လေလံတင်ရောင်းချပြီးမရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက်လေလံဆွဲဝယ်သူကငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ် ကို လေလံဆွဲဝယ်ယူ ပြီးသည်နှင့် တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။**

**၅။ လေလံဆွဲဝယ်သူများသည်ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။**

**၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကိုလေလံတင်ရောင်းချသည့်နေ့ကိုပယ်၍၁၅ ရက် မြောက် နေ့ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။၁၅ရက်မြောက်သည့်နေ့သည်ရုံးပိတ်ရက်ဖြစ်လျှင်ပထမရုံးဖွင့်သည့်နေ့တွင်အပြေအကျေ ပေးသွင်းရမည်။**

**၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင် ရောင်းချ လိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။**

၂၀၂၄ ခုနှစ်၊ **ဇန်နဝါရီ** လ **၁၈** ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

ရုံးတံဆိပ်